**2021 International Chinese-speaking Conference**

အဓိကသော့ချက်များ

**ကျွန်ုပ်တို့သည် ဝိညာဉ်အတိုင်း အသက်ပင်အားဖြင့် အသက်ရှင်ရန်
အသက်၏လမ်း၌ လျှောက်လှမ်းရမည်ဖြစ်ကာ၊
အတ္တအတိုင်းဖြစ်သော ကောင်းမကောင်းသိကျွမ်းရာအပင်အားဖြင့် အသက်ရှင်ခြင်းငှာ
သေခြင်းလမ်း၌ မလျှောက်လှမ်းရပေ။**

**အသင်းတော်၏ အသက်ဆိုင်ရာလှုပ်ရှားလုပ်ဆောင်မှုမှာ ခရစ်တော်၏ ရှင်သန်သောကိုယ်ခန္ဓာတော်အဖြစ် အလုံးစုံတို့ကို
အလုံးစုံတို့၌ ပြည့်စုံစေသောအရှင်၏ ပြည့်ဝပြည့်စုံခြင်းဖြစ်သည့်
အသင်းတော်ကို တည်ဆောက်ခြင်းအတွက်ဖြစ်သည်။**

**ကျွန်ုပ်တို့သည် တမန်တော်ကို အတုယူကာ၊ ဒေသန္တရအသင်းတော်များကို ခရစ်တော်ကိုယ်ခန္ဓာတော်၏
မိတ်သဟာယအထဲသို့ ခေါ်ဆောင်ရန် လိုအပ်ပြီး၊
တမန်တော်၏ ခြေလှမ်းများနောက်သို့လိုက်၍ သန့်ရှင်းသူများအားလုံးကို
ခရစ်တော်၏ကိုယ်ခန္ဓာတော်တစ်ခုလုံး၏ ပေါင်းစည်းခြင်းအသက်တာအထဲသို့ ခေါ်ဆောင်ရန် လိုအပ်သည်။**

**တမန်တော်များ၏ သွန်သင်ခြင်းမှ အရေးကြီးသောအချက်မှာ သုံးပါးတစ်ပါးဘုရားသည် ကိုယ်တော်၏
ရွေးချယ်ခံလူများအထဲသို့ အရာအားလုံးပါဝင်သော အသက်ပေးသော ဝိညာဉ်တော်အဖြစ် မိမိကိုယ်တော်တိုင်ကို
ဝေငှဖြန့်ဖြူးရန် အဆင့်ဆင့်ဖြတ်ကျော်ခြင်းဖြစ်သည်၊ သို့မှသာ သူတို့သည် ဘုရားဆိုင်ရာ ပို့လွှတ်ဖြန့်ဖြူးခြင်းကို
လက်ခံရရှိရန် အသက်ဆိုင်ရာပေါင်းစည်းညီညွတ်ခြင်းအထဲသို့ ခေါ်ဆောင်ခံရကာ၊ ထိုနောက် ဘုရားသခင်၏သားများ၊
ခရစ်တော်၏အင်္ဂါဝင်များဖြစ်လာကြမည်ဖြစ်သည်၊ ရလဒ်အနေဖြင့် သူတို့သည် ခရစ်တော်ကို ထင်ရှားရန်
ခရစ်တော်၏ကိုယ်ခန္ဓာတော် ဖြစ်လာကြသည်။**

*© 2021 Living Stream Ministry*

**Outlines of the Messages**
**for the International Chinese-speaking Conference**
**February 13-14, 2021**

## GENERAL SUBJECT:
## ခရစ်တော်၏ကိုယ်ခန္ဓာတော်တည်းဟူသော အသင်းတော်၏ ပင်ကိုမူလဆိုင်ရာနှင့် အသက်ဆိုင်ရာ တည်ဆောက်ခြင်း

Message One

## အသက်ဆိုင်ရာ ဖြစ်တည်မှုအတွက် အသင်းတော်၏ ပင်ကိုမူလ အနှစ်သာရ

ဖတ်ရန်ကျမ်း။ ။ ၁ယော၊၁း၂။ ယော၊၁း၁၂-၁၃။ ၃း၂၉-၃၀။ ၁၂း၂၄။ က၊၂း၂၁-၂၃။ ၁ကော၊၁၂း၁၂၊ ၂၈

**I. အသင်းတော်၏ ပင်ကိုမူလ အနှစ်သာရမှာ ဘုရားဆိုင်ရာအသက်ဖြစ်ကာ၊ ယင်းသည် အသင်းတော်ကို ထုတ်လုပ်မွေးဖွားပေးသည် - ၁ယော၊၁း၂။ ၅း၁။**

A. အသင်းတော်၏ပင်ကိုမူလ အနှစ်သာရမှာ ဘုရားဆိုင်ရာအသက်၊ ဖျက်ဆီးမရနိုင်သောအသက်ဖြစ်ကာ၊ ယင်းမှာ အဆင့်ဆင့်ဖြတ်ကျော်သော သုံးပါးတစ်ပါးဘုရားသည် ကျွန်ုပ်တို့အထဲသို့ ဝေငှဖြန့်ဖြူးကာ၊ ယခုတွင် ကျွန်ုပ်တို့အထဲသို့ ဝေငှဖြန့်ဖြူးနေခြင်းဖြစ်သည်။ ဤဘုရားဆိုင်ရာအသက်သည် အမှန်မှာ အဆင့်ဆင့်ဖြတ်ကျော်ကာ ယခုတွင် ဝေငှဖြန့်ဖြူးနေသော သုံးပါးတစ်ပါးဘုရားဖြစ်သည် - ယော၊၁၄း၆။ ၁၀း၁၀ခ။ ၁ကော၊၁၅း၄၅ခ။ ရော၊၈း၂၊ ၁၀၊ ၆၊ ၁၁။ ၂ကော၊၅း၄။

1. ဘုရားဆိုင်ရာအသက်သည် ကျွန်ုပ်တို့ဝိညာဉ်၌ ဝိညာဉ်တော်၏ အသစ်မွေးဖွားခြင်းအားဖြင့် ကျွန်ုပ်တို့ကို မွေးဖွားပေးသည်။ ဘုရားဆိုင်ရာဝိညာဉ်တော်သည် လူသားဝိညာဉ်ကို မွေးဖွားပေးပြီး၊ ဤဝိညာဉ်နှစ်ခုသည် တစ်ဝိညာဉ်တည်းအဖြစ် ရောနှောပေါင်းစည်းနေသည် - ယော၊၃း၃၊ ၅-၆။ ရော၊၈း၁၆။ ၁ကော၊၆း၁၇။
2. ကျွန်ုပ်တို့သည် အသစ်တစ်ဖန်မွေးဖွားခံရသောအခါ ဘုရားသခင်၏သားသမီးများ ဖြစ်စေခြင်း ခံရပြီး၊ သတို့သားဖြစ်သော ကိုယ်တော်၏ ထင်ရှားခြင်းအတွက် ခရစ်တော်၏ သတို့သမီးဖြစ်လာကြကာ၊ ယင်းကို အာဒံအဖို့ အဖော်အဖက်အဖြစ် ဧဝအားဖြင့် ပုံဆောင်ထားသည် - ယော၊၁း၁၂-၁၃။ ၃း၂၉-၃၀။ က၊၂း၂၁-၂၃။
   a. ဧဝသည် ဖြစ်တည်လာခြင်း မရှိမီ၊ သူမသည် အာဒံ၏နံရိုးတစ်ခု၊ အာဒံ၏အစိတ်အပိုင်းတစ်ခု ဖြစ်ခဲ့သည်။ ဤဖွင့်ပြခြင်းအရ အသင်းတော်သည် ဖြစ်တည်လာခြင်း မရှိမီ၊ သူမသည် ခရစ်တော်၏ အစိတ်အပိုင်းတစ်ခု ဖြစ်ခဲ့ကြောင်း ကျွန်ုပ်တို့ ပြောနိုင်ပါသည်။ ကျွန်ုပ်တို့၏ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်သည် ကျွန်ုပ်တို့၏ အစိတ်အပိုင်းဖြစ်သည့်နည်းတူ ခရစ်တော်၏ အင်္ဂါဝင်များသည် ခရစ်တော်၏ အစိတ်အပိုင်းများဖြစ်ကြသည် - အဧ၊၂၁-၂၃။ ဧ၊၁း၃-၆။ ၁ကော၊၁၂း၁၂။ ရော၊၁၂း၅။ ညွှန်း၊ တ၊၉း၅။
   b. အာဒံ၏နံရိုးသည် ဧဝအဖြစ်သို့ အသက်ထည့်သွင်းခံရကာ၊ သူမကို အာဒံ၏ အဖော်အဖက် ဖြစ်စေသည့်နည်းတူ၊ ခရစ်တော်၏ ထာဝရဖြစ်သော၊ ဘုရားဆိုင်ရာဖြစ်သော၊ မဖျက်ဆီးနိုင်သော အသက်သည် ကျွန်ုပ်တို့အထဲသို့ အသက်ကို ထည့်သွင်းပေးကာ၊ ကျွန်ုပ်တို့ကို ကိုယ်တော်၏အဖော်အဖက်ဖြစ်စေသည် - က၊၂း၂။ ဟေဗြဲ၊၇း၁၆။ ၁ကော၊၁၅း၄၅ခ။ ရော၊၈း၂။

B. ခရစ်တော်သည် အသင်းတော်၏ ပင်ကိုမူလအနှစ်သာရဖြစ်လာခြင်းမှာ ခရစ်တော်က ဘုရားဆိုင်ရာအသက်ကို လွှတ်မြောက်စေခြင်းမှတစ်ဆင့်ဖြစ်ကာ၊ ယင်းမှာ ဂျုံစပါးမျိုးစေ့တစ်စေ့သည် မြေသို့ကျကာ အသေခံခြင်းဖြင့် ကိုယ်တော်၏ တိုးပွားများပြားလာခြင်းအားဖြင့် ဖြစ်သည် - ယော၊၁၂း၂၄။ လု၊၁၂း၄၉-၅၀။

C. ခရစ်တော်သည် အသင်းတော်၏ ပင်ကိုမူလ အနှစ်သာရဖြစ်လာခြင်းမှာ ရှင်ပြန်ထမြောက်ခြင်း၌ ဘုရားသခင်၏သားဦးအဖြစ် ကိုယ်တော်၏ဘုရားအသက်ကို ထည့်သွင်းပေးခြင်းမှတစ်ဆင့် ဖြစ်ကာ၊ ယင်းမှာ ဘုရားသခင်သည် ခရစ်တော်၏ များစွာသောညီများအဖြစ် များစွာသော သားများကို ရရှိရန်ဖြစ်သည် - ၁ပေ၊၁း၃။ ရော၊၈း၂၉။ ဟေဗြဲ၊၂း၁၀-၁၂။

D. ခရစ်တော်၏များစွာသော ညီများသည် စကြဝဠာတွင် မှန်သောစပျစ်နွယ်ပင်ဖြစ်သည့် ကိုယ်တော်အထဲသို့ ကိုင်းဆက်ခံရသည့် များစွာသော အကိုင်းအခက်များဖြစ်ကြကာ၊ ကိုယ်တော်၏ တိုးပွားပျံ့နှံ့ခြင်း၌ ကိုယ်တော်၏ ကြီးမားကျယ်ပြန့်ခြင်းအတွက် များစွာသော အသီးကို သီးရန်ဖြစ်သည်၊ ထိုသို့ဖြင့် သူတို့သည် ကိုယ်တော်၏အသက်ဆိုင်ရာထုံးဖွဲ့မှုအဖြစ် သုံးပါးတစ်ပါးဘုရားကို ထင်ရှားနိုင်မည်ဖြစ်သည်။ စပျစ်နွယ်ပင်၏ အကိုင်းအခက်များသည် ခရစ်တော်၏ အသက်ရည်တည်းဟူသော အသက်ပေးသော ဝိညာဉ်တော်၏ ပြည့်စုံလုံလောက်သည့် မစမှုကို ရရှိသောအခါ၊ သူတို့သည် အတွင်းအသက်မစမှု၏ လျှံထွက်စီးဆင်းခြင်းအဖြစ် အသီးကို သီးကြသည် - ယော၁၅း၁၊ ၄-၅၊ ၁၆၊ ၈။ ရော၁၁း၁၇၊ ၂၄။

E. သုံးပါးတစ်ပါးဘုရား၏ ဤအသက်ဆိုင်ရာထုံးဖွဲ့မှုသည် ခရစ်တော်၏ရှင်သန်သောကိုယ်ခန္ဓာတော်ဖြစ်ကာ၊ ကိုယ်တော်၏ ရှင်သန်သောကိုယ်ခန္ဓာတော်၏ များစွာသော အင်္ဂါဝင်များအဖြစ် ကိုယ်တော်၏များစွာသော ညီများဖြင့် စေ့စပ်ထုံးဖွဲ့ထားခြင်းဖြစ်သည် - ဧ၁း၂၂-၂၃။ ရော၁၂း၅။

## II. ကျွန်ုပ်တို့သည် အသင်းတော်၏ အသက်ဆိုင်ရာ ဖြစ်တည်နေမှုကို မြင်ကာ၊ တွေ့ကြုံခံစားရန် လိုအပ်သည် - ဧ၁း၁၇။

A. အသင်းတော်သည် စကြဝဠာတွင် ဘုရားသခင်၏ ပြည့်ဝပြည့်စုံခြင်း တည်းဟူသော ကိုယ်တော်၏ စကြဝဠာဆိုင်ရာ ထင်ရှားခြင်းအတွက် ဘုရားသခင်၏ တစ်ခုတည်းသော စကြဝဠာဆိုင်ရာအသင်းတော်အဖြစ် ဖြစ်တည်နေသည် - ၁ကော၁၀း၃၂။ ၁၂း၂၈။ ဧ၃း၁၉ခ။

B. အသင်းတော်သည် မြေကြီးပေါ်တွင် များစွာသော ဒေသန္တရများ၌ တိုးပွားပျံ့နှံ့ကာ၊ ကိုယ်တော်၏ ဒေသန္တရဆိုင်ရာထင်ရှားခြင်းဖြစ်ရန် များစွာသော ဒေသန္တရအသင်းတော်များအဖြစ် ရှိနေသည် - ဗျာ၁း၄၊ ၁၁။

1. ၁ကောရိန္သု ၁၂း၂၈ တွင် ပေါလုက တမန်တော်များ (စကြဝဠာဆိုင်ရာဖြစ်သောသူ)၊ ပရောဖက်များနှင့် သွန်သင်သူများ (စကြဝဠာဆိုင်ရာနှင့် ဒေသန္တရဆိုင်ရာနှစ်မျိုးလုံးဖြစ်သောသူ)၊ သင်းထောက်များနှင့် အသက်ကြီးသူများ (ဒေသန္တရဆိုင်ရာဖြစ်သောသူ) အားလုံးတို့ကို အတူတကွ ထားရှိခဲ့သည်။ ဤသည်မှာ ဤကျမ်းပိုဒ်ရှိ *အသင်းတော်* ဟူသောစကားလုံးသည် စကြဝဠာဆိုင်ရာအသင်းတော်နှင့် ဒေသန္တရအသင်းတော်များအားလုံးကို ရည်ညွှန်းနေကြောင်း ဆိုလိုသည်။
2. ဘုရားသခင်၏အမြင်၌ စကြဝဠာဆိုင်ရာအသင်းတော်နှင့် ဒေသန္တရအသင်းတော်များအားလုံးသည် "အသင်းတော်" သာဖြစ်သည်။ အဆင့်ဆင့်ဖြတ်ကျော်၍ ယခုတွင် ဝေငှဖြန့်ဖြူးနေသော သုံးပါးတစ်ပါးဘုရားသည် တစ်ပါးတည်းဖြစ်ကာ၊ ကိုယ်တော်သည် အသင်းတော်၏ အနှစ်သာရပင် ဖြစ်ပေသည်။ ထို့ကြောင့် ဤအသင်းတော်သည် စကြဝဠာဆိုင်ရာသွင်ပြင်နှင့် ဒေသန္တရဆိုင်ရာသွင်ပြင် နှစ်ခုလုံး၌ တစ်ပါးတည်းသော အသင်းတော်ဖြစ်သည်။

C. ကျွန်ုပ်တို့သည် အသင်းတော်၏ ပင်ကိုမူလအနှစ်သာရသို့ ၎င်း၏ အသက်ဆိုင်ရာဖြစ်တည်မှုအတွက် ပြန်လာကြသောအခါ၊ ဒေသန္တရအသင်းတော်များသည် တစ်ပါးနှင့်တစ်ပါး ခြားနားခြင်း ရှိနိုင်ပါသည်ဟူသော မှားယွင်းစေသည် သွန်သင်ခြင်းအကြောင်းကို မှားယွင်းစွာ ပြောဆိုလိမ့်မည်မဟုတ်ပါ။ အသင်းတော်များအားလုံးသည် အဆင့်ဆင့်ဖြတ်ကျော်ကာ ဝေငှဖြန့်ဖြူးနေသော သုံးပါးတစ်ပါးဘုရား၏ တုနှိုင်းရာမဲ့၊ တစ်ပါးတည်းသော အသက်ဆိုင်ရာထုံးဖွဲ့မှုဖြစ်သည်။

D. ကျမ်းစာအရ လက်တွေ့ကျသော၊ ခုနစ်ဆဖြစ်သော တစ်လုံးတစ်ဝဖြစ်ခြင်းမှာ ကျွန်ုပ်တို့အား (၁) သွန်သင်ခြင်း၌ တစ်လုံးတစ်ဝဖြစ်ရန် (၁ကော၄း၁၇။ ၇း၁၇။ ၁၆း၁။ တ၂း၄၂။ ရော၁၆း၁၇။ ၁တိ၁း၃-၄။ ၆း၃။ ဧ၄း၁၃-၁၄)၊ (၂) လက်တွေ့လုပ်ဆောင်ခြင်း၌ တစ်လုံးတစ်ဝဖြစ်ရန် (၁ကော၁၁း၁၆။ ၁၄း၃၃ခ-၃၄)၊ (၃) စဉ်းစားခြင်း၌ တစ်လုံးတစ်ဝဖြစ်ရန်(ဖိ၂း၂၊၅-၈။ ၄း၂။ ၁ကော၁း၁၀)၊ (၄) စကားပြောခြင်း၌ တစ်လုံးတစ်ဝဖြစ်ရန် (ရော၁၅း၆။ ၁ကော၁း၁၀)၊ (၅၊ ၆၊ ၇) အနှစ်သာရ၌၊ သွင်ပြင်၌၊ ထင်ရှားခြင်း၌ တစ်လုံးတစ်ဝဖြစ်ရန် (ဗျာ၁း၁၁-၁၂) ဖြစ်သည်။

## III. ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ဝိညာဉ်ကို စဉ်ဆက်မပြတ် လေ့ကျင့်ရမည် (၁တိ၄း၇)၊ ကျွန်ုပ်တို့၏စိတ်နှလုံးကို သခင်ဘုရားထံ လှည့်ပြန်စေရမည် (၂ကော၃း၁၆-၁၈) ထိုသို့ဖြင့် အသင်းတော်၏ အသက်ဆိုင်ရာ ဖြစ်တည်မှုအတွက် ပင်ကိုမူလ အနှစ်သာရ၏ စစ်မှန်ခြင်း၌ အသက်၏လမ်းပေါ်တွင် တည်ရှိနေနိုင်မည်ဖြစ်သည်။

A. ကျွန်ုပ်တို့သည် ဝိညာဉ်အတိုင်း အသက်ပင်အားဖြင့် အသက်ရှင်ရန် အသက်၏လမ်း၌ လျှောက်လှမ်းရမည်ဖြစ်ကာ၊ အတ္တအတိုင်း ကောင်းမကောင်းသိကျွမ်းရာအပင်အားဖြင့် အသက်ရှင်သည့် သေခြင်းလမ်း၌ မလျှောက်ရပေ - က၂း၉။ ရော၈း၄၊ ၆။ ၂ကော၊ ၂း၁၃။ မ၁၆း၂၄။

B. ကျွန်ုပ်တို့သည် သခင်ဘုရားကို အဆုံးစွန်အထိ ချစ်ခြင်းအားဖြင့် အသက်၏လမ်းပေါ်တွင် တည်ရှိနေကြသည်။ သခင်ဘုရား၌ ယုံကြည်ခြင်းသည် ကိုယ်တော်ကို အသက်အဖြစ် လက်ခံရရှိခြင်းဖြစ်သည်။ သခင်ဘုရားကို ချစ်ခြင်းမှာ ကိုယ်တော်ကို အသက်အဖြစ် မွေ့လျော်ဝမ်းမြောက်ခြင်း ဖြစ်သည် - မာ၊၁၂း၃၀။ သီ၊၁း၄က။

C. ကျွန်ုပ်တို့နှင့် သခင်ဘုရားအကြားရှိ ချစ်ခြင်းမေတ္တာသည် ကျွန်ုပ်တို့၏စဉ်းစားခြင်းများအပေါ်တွင် မူတည်နေသည်။

1. ၂ကောရိန္သု ၁၁း၂ တွင် ပေါလုက သူသည် ကိုယ်တော်ကို မွေ့လျော်ဝမ်းမြောက်ရန်အလို့ငှာ ကိုယ်တော်ထံသို့ မှန်ကန်သင့်လျော်သည့် <u>ချစ်ခြင်းမေတ္တာ</u>ဖြင့် စင်ကြယ်သော အပျိုကညာကဲ့သို့ ခရစ်တော်ထံ ဆက်သအံ့သောငှာ ကျွန်ုပ်တို့ကို လင်တစ်ဦးနှင့် စေ့စပ်ထားပေးပြီး ဖြစ်ကြောင်း ပြောထားသည်။ ထိုနောက် အငယ်၊၃ တွင် ကျွန်ုပ်တို့၏ <u>စဉ်းစားခြင်းများ</u>သည် ခရစ်တော်အဖို့ ရိုးစင်းခြင်းနှင့် သန့်ရှင်းစင်ကြယ်ခြင်းမှ ယိုယွင်းပျက်စီးသွားခြင်း ရှိနိုင်ကြောင်း ပြောထားသည်။

2. လူ၏စဉ်းစားခြင်းများရှိ အောက်ဖော်ပြပါ ပြဿနာအရိပ်လက္ခဏာများအားလုံးသည် ခရစ်တော်ကို အသက်အဖြစ် မွေ့လျော်ဝမ်းမြောက်ခြင်းအဖို့ အတားအဆီးများပင်ဖြစ်သည်။

   a. လူ၏စဉ်းစားခြင်းရှိ ပြဿနာများ၏ ပထမဆုံး အရိပ်လက္ခဏာမှာ ခက်ထန်ခိုင်မာသော စဉ်းစားခြင်းများရှိခြင်း ဖြစ်သည် - ၃း၁၄။

   b. လူ၏စဉ်းစားခြင်းရှိ ပြဿနာများ၏ ဒုတိယ အရိပ်လက္ခဏာမှာ စာတန်အားဖြင့် မျက်စိကွယ်စေခြင်းဖြစ်သည် - ၄း၄။

   c. လူ၏စဉ်းစားခြင်းရှိ ပြဿနာများ၏ တတိယ အရိပ်လက္ခဏာမှာ ပုန်ကန်ခြင်းဖြစ်သည် - ၁၀း၄-၅။

   d. လူ၏စဉ်းစားခြင်းရှိ ပြဿနာများ၏ စတုတ္ထအရိပ်လက္ခဏာမှာ ပျက်စီးယိုယွင်းခြင်းဖြစ်သည် - ၁၁း၃။

3. ကျွန်ုပ်တို့သည် "အို သခင်၊ ကျွန်ုပ်၏ စဉ်းစားခြင်းများကို ရှာဖွေစစ်ဆေးပါ၊ ကျွန်ုပ်၏စဉ်းစားခြင်းများကို ကယ်လွှတ်တော်မူပါ၊ သို့မှသာ ကိုယ်တော်ကို လုံးဝဥဿုံ၊ အပြည့်အဝ ဗဟိုပြုနိုင်မည်ဖြစ်ပါသည်" ဟု ဆုတောင်းသင့်ပေသည် - ရော၊၈း၆။ ဆာ၊၁၃၉း၂၃-၂၄။

4. ခရစ်တော်ကို အသင်းတော်၏ ပင်ကိုမူလအနှစ်သာရအဖြစ် မွေ့လျော်ဝမ်းမြောက်ရန် ကျွန်ုပ်တို့သည် ကိုယ်တော်ကို အရာခပ်သိမ်း၌ ပထမနေရာပေးခြင်းအားဖြင့် ကိုယ်တော်ထံသို့ တောက်လောက်လျှက်ရှိသော ချစ်ခြင်းမေတ္တာရှိရမည်ဖြစ်သည် - ဗျာ၊၂း၄-၅၊ ၇။ ကော၊၁း၁၈ခ။ ရော၊၁၂း၁၁။ ၂တိ၊၁း၆-၇။

D. ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ဘုရားသခင်၏ ကရုဏာကြွယ်ဝသော သနားစုံမက်ခြင်းကို စဉ်ဆက်မပြတ် လက်ခံရရှိကြပါစေသော (ဟေဗြဲ၊၄း၁၆။ လု၊၁း၇၈-၇၉)၊ သို့မှသာ ကျွန်ုပ်တို့သည် အသက်၌ ကြီးထွားခြင်းဖြင့် အသက်၌ ဘုရားသခင်၏ တည်ဆောက်ခြင်းအတွက် အသက်၏စီးဆင်းခြင်း၌ အသက်ပင်ဖြစ်သော ခရစ်တော်ကို မွေ့လျော်ဝမ်းမြောက်ခြင်းအားဖြင့် အသက်၏နည်းလမ်း၌၊ အသက်၏လမ်းကြောင်း၌၊ အသက်၏ထိန်းသိမ်းခံရခြင်း၌ တည်ရှိနေနိုင်မည်ဖြစ်သည်။ ဤသည်မှာ အသင်းတော်၏ အသက်ဆိုင်ရာ ဖြစ်တည်မှုအတွက် ပင်ကိုမူလ အနှစ်သာရ၌ ကျွန်ုပ်တို့ တည်မြဲနေနိုင်ရန်ဖြစ်သည် (က၊၂း၉။ ဗျာ၊၂၂း၁-၂။ ရော၊၈း၆။ ဧ၊၄း၁၅-၁၆။ ကော၊၂း၁၉။ ယော၊၆း၅၇၊ ၆၃။ ၇း၃၈-၃၉။ ၂၀း၂၂)။

© 2021 Living Stream Ministry